# ၁၉၆၂ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်း အက်ဥပဒေကို၊ဒုတိယအကြိမ် ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၃၄။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြည်သူ့ စစ်မှုထမ်းအက်ဥပဒေကို၊ ဒုတိယအကြိမ်ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၉ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်း အက်ဥပဒေတွင်၊ ပုဒ်မ ၃၊ အပိုဒ် (က)၊အပိုဒ်ခွဲ (၃) ၌၊ ''ပုဒ်မ ၁၅ အရ ခန့်ထားသည့် ဗဟိုအဖွဲ့က'' ဆိုသည့်စကားရပ်အစား၊ ''ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ သို့တည်းမဟုတ် ၎င်းက ပုဒ်မ ၁၅ အရ သီးခြား ဖေါ်ပြသည့်အာဏာပိုင်က'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၄၊ အပိုဒ် (ခ) တွင် အောက်ပါကို ဒုတိယစာပိုဒ် အဖြစ်ထည့်သွင်းရမည်။

''ထိုဆရာဝန်များ၊ သို့တည်းမဟုတ် အင်ဂျင်နီယာများ၊ သို့တည်းမဟုတ် အခြားကျွမ်းကျင်သူများ စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားသည်၊ နည်းဥပဒေများဖြင့် သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။''

၄။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၅ တွင်—

(က) ပုဒ်မခွဲ (၁) ၌ ''နိုင်ငံတော်သမတက ခန့်ထားသည့်အဖွဲ့သည်'' ဆိုသည့်စကားရပ် အစား၊ ''ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ သို့တည်းမဟုတ် ၎င်းက သီးခြား ဖေါ်ပြသည့် အာဏာပိုင်သည်'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၂)၊ (၃)၊ (၄)၊ (၅) (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀) နှင့် (၁၁) တို့ကို ပယ်ဖျက်ရမည်။

၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (၂) တွင်၊ ''ပုဒ်မ ၁၅ အရ ခန့်ထားသည့် ဗဟိုအဖွဲ့၏'' ဆိုသည့်စကားရပ် စကား၊ ''ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏၊ သို့တည်းမဟုတ် ၎င်းက ပုဒ်မ ၁၅ အရ သီးခြားဖေါ်ပြသည့် အာဏာပိုင်၏'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ (၂) တွင်—

(က) အောက်ပါကို၊ အပိုဒ် (က) အဖြစ်ထည့်သွင်းရမည်။

''(က) ပုဒ်မ ၄ နှင့် ၄-က ပါကိစ္စများ။''

(ခ) ရှိရင်းအပိုဒ် (က) ကို၊ အပိုဒ် (ကက) အဖြစ် ပြန်လည်အက္ခရာစဉ်ရမည်။